# ကားတိုင်ပေါ်က ဘုရင်မင်းကြီး

YR C
NO. 2

အလွတ်ကျမ်းချက်။ - ဟေရှာယအနာဂတ္တိကျမ်း ၅၃း၇

“ထိုသူသည် ညှဉ်းဆဲခြင်းနှင့် နှိမ့်ချခြင်းကို ခံ၍ နှုတ်ကို မဖွင့်ဘဲနေ၏။ အသေသတ်ခြင်းငှါ ဆောင်သွားသော သိုးသငယ်ကဲ့သို့ သူ့ကို ဆောင်သွား၍၊ သိုးသည် အမွေးညှပ်သောသူရှေ့မှာ မမြည်ဘဲနေသကဲ့သို့၊ သူသည် နှုတ်ကို မဖွင့်ဘဲ နေ၏။”







## တနင်္ဂနွေနေ့ ၊ ပိလတ်မင်းရှေ့၌ (ရှင်လုကာခရစ်ဝင် ၂၃း၁-၅၊ ရှင်ယောဟန်ခရစ်ဝင် ၁၈း၂၉-၃၂) ၁

သောကြာနေ့နံနက်အရုဏ်ဦးအချိန်တွင်၊ လွှတ်တော်က ယေရှုကို သေမိန့်ပြစ်ဒဏ်ချခဲ့လေ၏။ ထိုအချိန်၌ သူတို့အားလုံးသည် ရောမ အုပ်ချုပ်သူ၊ ပိလတ်မင်းက သေမိန့်ကိုသာပေးရန် ချဉ်းကပ်ပြီး၊ ယေရှုကို သေမိန့်ပေးရန်သာ အလိုအပ်ဆုံးဖြစ်ခဲ့ကြသည်။ ထို့ကြောင့် သူတို့သည် ပိလတ်မင်း၏တရားရုံးခန်းမတွင် ယေရှုကို ကျိန်ဆဲခဲ့ကြလေ၏။

လူထုကြီးများအလျင်စလို အုံအုံကြွကြွဖြစ်နေသည်ကို ပိလတ်မင်းသည် မြင်တွေ့ရစဉ် မပျော်ရွှင်ခဲ့ပေ။ ထို့ကြောင့် သူသည် ယေရှုကို ပြစ်ဒဏ်စီရင်ဖို့ရန် အလျန်အမြန် စီစဉ်ခဲ့၏။ ယေရှုသည် အပြစ်ရှိခြင်း၊ မရှိခြင်းအကြောင်းကို အဓိကမထားဘဲ၊ ဘာသာရေးခေါင်းဆောင်များက ယေရှုကိုသတ်ရန် အလိုရှိပါက ပိလတ်မင်းသည်လည်း သေမိန့်ကို အလျင်စလိုချခဲ့ရ၏။

သို့သော် ပိလတ်မင်းသည် ယေရှုကို မြင်သောအခါ၊ ယေရှု၌ အပြစ်ရှိပုံ လုံးဝမတွေ့ခဲ့ရပေ။ ထိုအစား၊ ယေရှုသည် အလွန် တည်ငြိမ်ပြီး၊ ဂုဏ်အသရေရှိကြောင်း သူတွေ့ခဲ့ရ၏။ အပြစ်ရှိသော အကျဉ်းသားတစ်ယောက်ကဲ့သို့ မဟုတ်ဘဲ ဘုရင်တစ်ပါးကဲ့သို့ ပုံပေါ်နေ သည်ကို ပိလတ်မင်း မြင်တွေ့ခဲ့ရ၏။ ထို့နောက် သူကြားဖူးခဲ့သော ယေရှု၏အကြောင်းကို ပြန်လည်သတိရခဲ့သည်။ ယေရှုကို အပြစ်ဒဏ် မချမှတ်ခင်၌၊ ပိလတ်မင်းသည် ဘာသာရေးခေါင်းဆောင်များကို သူတို့၏စွပ်စွဲချက်အကြောင်းနှင့် ပတ်သက်၍ မေးမြန်းခဲ့သေး၏။ သူတို့သည် ပိလတ်မင်းကို အဘယ်သို့ ဖြေကြားခဲ့သနည်း။ ရှင်ယောဟန်ခရစ်ဝင် ၁၈း၂၉၊ ၃၀။

ဘာသာရေးခေါင်းဆောင်များသည် ကြန့်ကြာနေသောကြောင့် စိတ်ဒေါသထွက်ခဲ့ကြပြီး၊ ယေရှုကို အမြန်ဆုံးအပြစ်ဒဏ်ပေးရန် ပိလတ်မင်းကို တောင်းဆိုခဲ့၏။ သို့သော် ပိလတ်မင်းသည် ထိုသို့ မလုပ်ခဲ့ချေ။ သူသည် ယေရှုအပေါ် သူတို့၏စွပ်စွဲချက်များအကြောင်းက အဘယ်အရာ ဖြစ်ကြောင်း သိချင်ခဲ့၏။

ထိုအချိန်တွင်၊ ဘာသာရေးခေါင်းဆောင်များသည် ဘေးကျပ်နံကျပ်ဖြစ်ခဲ့ကြ၏။ သူတို့၌ မှန်သောအပြစ်တင်စရာမရှိကြောင်း သူတို့သိခဲ့ကြ၏။ ရောမအုပ်ချုပ်သူများ သေရန်ထိုက်တန်ကြောင်း အဖြေမရခင်အထိ၊ သူတို့သည် ဘာသာရေးနှင့်ဆိုင်သော အရာများမှလည်း ထောက်ပြစရာမရှိခဲ့ချေ။ ထိုအချိန်တွင် သူတို့သည် ယေရှုတဘက်၌ ဆန့်ကျင်၍ ဘာပြောခဲ့သနည်း။ ရှင်လုကာခရစ်ဝင် ၂၃း၂။

သူတို့သည်သာ လုံးဝမှားနေကြောင်း ယဇ်ပရောဟိတ်များ သည် ၎င်းကို သိခဲ့ကြ၏။ ထိုအပတ်အစောကတည်းက သူတို့သည် ကဲသာဘုရင်၏ဥစ္စာကို ကဲသာဘုရင်အားသာ ပေးသင့်ကြောင်း ယေရှုမိန့်ကြားခဲ့ပြီးသားဖြစ်သည်။ (ရှင်လုကာခရစ်ဝင် ၂၀:၂၁-၂၅) ။ ၎င်းသည် မှားနေကြောင်း ပိလတ်မင်းသည်လည်း သိခဲ့၏။ ယေရှုသည် ရာဇဝတ်မှုကျူးလွန်သူ မဟုတ်ကြောင်းလည်း တွေ့မြင်ခဲ့ရ၏။ အပြစ်မဲ့လူကို ဘာသာရေးခေါင်းဆောင်များသည် ပျက်ဆီးရန် ကြိုးပမ်းနေသည်ကို ယေရှုကလည်း သိခဲ့၏။

**လက်တွေ့ကျင့်သုံးရန် -** ကျွန်ုပ်တို့ အယောက်စီတိုင်းသည် ယေရှုအတွက် သို့မဟုတ် သူ့ကိုဆန့်ကျင်ခြင်း တစ်ဘက်ဘက်မှာ ရှိနေကြပါသည်။ ကျွန်ုပ်တို့သည် သူ့ဘက်မှာ ရှိနေမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် သူနှင့် ပို၍ပို၍ တူလာမည်ဖြစ်သည်။ သို့သော် သူ့ကို ဆန့်ကျင်သော သူများ ဖြစ်မည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် သူ့ကို ပို၍ပို၍ မုန်းသောသူများ ဖြစ်လာမည်ဖြစ်သည်။ ရွေးချယ်စရာ နှစ်ခုတည်းသာရှိသည်။ ဘယ်တစ်ခုကို သင်ရွေးချယ်မည်နည်း။

## တနင်္လာနေ့ ၊ ပိလတ်မင်းထံမှ ဟေရုဒ်မင်းကြီးထံသို့ (ရှင်ယောဟန်ခရစ်ဝင် ၁၈း၃၃-၃၈၊ ရှင်လုကာခရစ်ဝင် ၂၃း၆-၉) ၂



ယေရှု၌ သေထိုက်သောအပြစ်ရှိသည်ဟု ဘာသာရေးခေါင်းဆောင်များ စွပ်စွဲပြောဆိုသောစကားသည် လိမ်လည်ခြင်းသာ ဖြစ်ကြောင်း ပိလတ်မင်း သိ၏။ သူသည် ယေရှုဘက်ကို လှည့်ပြီး၊ “သင်သည် ယုဒဘုရင်မှန်သလော” ဟု မေးလေ၏။ ယေရှုသည် သူက အဘယ်သူဖြစ်ကြောင်း ပြောသောအခါ၊ သူ၏မျက်နှာသည် ထွက်လာသော နေရောင်ပမာ တောက်ပခဲ့၏။ သို့သော် လူအပေါင်းတို့သည် ယေရှုကို သေမိန့်ပေးရန်သာ ပိလတ်မင်းအား တောင်းဆိုနေခဲ့ကြ၏။

ပိလတ်မင်းက ယေရှုသည် အပြစ်မဲ့သောသူဖြစ်ကြောင်း သိခဲ့၏။ “သင်သည် တစ်ခုမျှ မဖြေသလော” ဟု ပိလတ်မင်းက မေးပြန်၏။ သို့သော် ယေရှုသည် တိတ်ဆိတ်စွာနေခဲ့လေ၏။

ထို့မှုမက၊ ပိလတ်မင်းသည် ထိုအံ့ဩဖွယ်ကောင်းသောယေရှု အကြောင်းကို ပို၍သိချင်လာခဲ့သည်။ သူသည် အခြားတဘက်ကို ခေါ်သွား၍၊ “သင်သည် ယုဒဘုရင်မှန်သလော” ဟု တဖန်မေးခဲ့ပြန်၏။ ပိလတ်မင်း၏စိတ်နှလုံးသားထဲတွင် သန့်ရှင်းသောဝိညာဉ်တော် စကားပြောနေသည်ကို

အဝတ်တော်များကို လူများကြားတွင် အပိုင်းပိုင်းဆွဲဖြဲခဲ့သည်။ ထိုအရာသည် ပရောဖက်ကြိုတင်ဟောထားချက် ပြည့်စုံသွားခဲ့သည်။ ဆာလံကျမ်း ၂၂း၁၈။

ယေရှုသည် အဖမ်းခံရသည့်အချိန်မှ ထိုညနေအထိ မည်သည့်အစာမှ မစားရ၊ ရေလည်း မသောက်ရခဲ့ပေ။ သူသည် အလွန် ဆာလောင်ခဲ့၏။ ကပ်တိုင်တင်သော လူများသည် ဆေးခါးနှင့် ရောသောရေကိုသာ ယေရှုသောက်ဖို့ ပေးခဲ့ကြသည်။ (ရှင်မဿဲ ခရစ်ဝင် ၂၇း၃၄) သို့သော် ယေရှုသည် မြည်းစမ်းတော်မူ၍ မသောက်ပဲနေ၏။ အဘယ်ကြောင့်ဆိုသော် သူ၏စဉ်းစားဉာဏ်သည် ရှင်းလင်းရမည် ဖြစ်သည်။ သို့မဟုတ်လျှင်၊ ထိုဆေးခါးရေကိုသောက်ပါက၊ စာတန်ကို အကျိုးပြုစေမည် ဖြစ်သည်။

ပိလတ်မင်းသည် ယေရှု၏ ခေါင်းရင်းပေါ်၌ စာသား သင်္ကေတတစ်ခုကို တပ်ထားခဲ့၏။ ထိုစာမှာ အဘယ်သို့နည်း။ ရှင်မဿဲ ခရစ်ဝင် ၂၇း၃၇။ ထိုအချိန်တွင် ဘာသာရေးခေါင်းဆောင်များသည် ယေရှုကို သတ်ချင်ခဲ့သည်နှင့်နည်းတူ၊ သူတို့၏လူများ (သို့) တိုင်းပြည်အတွက် အသေသတ်ပူဇော်ခဲ့ချင်သည်ကို လူတိုင်းက မြင်တွေ့နိုင်ခဲ့ကြ၏။ သူတို့သည် အရေးကြီးသော လူမျိုးနွယ်တစ်ခု (သို့) တိုင်းပြည်တစ်ခု ဖြစ်ချင်ခဲ့ကြသည်။ ထို့ကြောင့် ယေရှုကို သေစေချင်သောအခါ၊ “ကျွန်ုပ်တို့တွင် ကိုယ်ပိုင်ဘုရင်မရှိပါ၊ ကဲသာဘုရင်သာ ရှိပါ၏” ဟု သူတို့ ငိုကြွေးခဲ့ကြလေ၏။ ထိုအချိန်တွင်၊ သူတို့သည် ၎င်းရှက်ဖွယ်ကောင်းသော စာသားကို ပြောင်းပေးစေချင်ခဲ့သည်။ သို့သော် ပိလတ်မင်းသည် ပြောင်းလဲရန် ငြင်းဆိုခဲ့၏။ ဘုရားသခင်သည် ထိုသင်္ကေတကို အကောင်းအတွက် အသုံးပြုခဲ့သည်။ လူအများတို့သည် ထိုသင်္ကေတကိုမြင်၍ ဘာဖြစ်နေခဲ့ကြောင်း စတင်တွေ့ခေါ်ကြပြီး၊ အနာဂတ္တိစကားများအကြောင်းကို လေ့လာခဲ့ကြတော့သည်။

**လက်တွေ့ကျင့်သုံးရန် -** ယေရှုသည် ကျွန်ုပ်တို့၏ရန်သူများအား အဘယ်သို့ဆက်ဆံရမည့်အကြောင်းကို ကျွန်ုပ်တို့အား ပြောခဲ့သည်။ ရှင်မဿဲခရစ်ဝင် ၅း၄၄။ ရန်သူများက ကျွန်ုပ်တို့အား အဆိုးဆုံးအရာများ ပြုမူသောအခါ၊ ကျွန်ုပ်တို့ရန်သူများအား ကျွန်တော်တို့သည် ချစ်နိုင်ကြောင်း ယေရှုသည် ကားတိုင်ပေါ်တွင် ပြသခဲ့သည်။ သင့်ရဲ့ရန်သူများကို ချစ်ရန် သင်ရွေးချယ်နေပါသလား။ ထိုအရာသည် သူတို့အား ကယ်တင်ခြင်းရရန် အကူအညီဖြစ်စေနိုင်ပါသည်။

## သောကြာနေ့ ၊ ကားတိုင်ပေါ်က သူခိုး (ရှင်မဿဲခရစ်ဝင် ၂၇း၃၈-၄၃၊ ရှင်လုကာခရစ်ဝင် ၂၃း၃၉-၄၃) ၆

ထိုအချိန်တွင် လူအုပ်ကြီးထံမှ အလွန်ကြောက်မက်ဖွယ်သော ပျက်ရယ်လှောင်ပြောင်မှုတစ်ခုက ထွက်လာခဲ့၏။ ထိုလူအုပ်ကြီးက ယေရှုအား ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ကားတိုင်ပေါ်မှ ဆင်းလာခြင်းဖြင့် သက်သေပြရန် စောဒကတက်ခဲ့ကြ၏။ ရှင်မဿဲခရစ်ဝင် ၂၇း၃၉၊ ၄၀။ ဘာသာရေးခေါင်းဆောင်များ(ယဇ်ပရောဟိတ် အကြီးအကဲများ၊ ကျမ်းပြုဆရာများနှင့် လူအကြီးအကဲများ) သည်လည်း ယေရှုကို သေစေချင်သည်နှင့်အမျှ ပျက်ရယ်ပြုခြင်း၌ ထိုလူအုပ်ကြီးနှင့် ပူးပေါင်းခဲ့ကြသည်။ သူတို့သည် ဘာပြောခဲ့ကြသနည်း။ အငယ် ၄၁-၄၃။ သူတို့အားလုံးသည် စာတန်က သူတို့အားညွှန်ကြားခဲ့သည့်အတိုင်း လုပ်ဆောင်ခဲ့ကြ၏။

ယေရှုသည် ကားတိုင်ပေါ်မှ ဆင်းလာခဲ့ပါက သူတို့သည် ယေရှုကို ယုံကြည်ကြမည်လော။ ယုံကြည်မည်မဟုတ်ပါ။ သူတို့၏ မျက်စိရှေ့၌သာ၍ကောင်းသော သက်သေပြခဲ့၏။ သူတို့တောင်းဆိုထားသောအရာအတွက် ယေရှုသည် ဘုရားသားတော်ဖြစ်ကြောင်းကို သူ့အား လူအပေါင်းတို့သည် အလွန်ဆိုးရွားစွာ ကြောက်မက်ဖွယ်အရိုင်းအစိုင်း လုပ်ခဲ့စဉ်တွင်ပင်၊ သူ၏တည်ငြိမ်ခြင်း၊ သည်းခံခြင်းနှင့် ခွင့်လွှတ်စိတ်ပြခဲ့ခြင်းသည် ပို၍ကောင်းသော သက်သေအထောက်အထားဖြစ်ပါသည်။ ထိုသို့ပြခြင်းမှာ၊ ယေရှုသည် ကျွန်ုပ်တို့ ခွင့်လွှတ်ခြင်းခံရခြင်းနှင့်ဘုရားသခင်နဲ့ ပြန်လည်သင့်မြတ်ခြင်း၊ မျက်နှာသာပေးခြင်းခံရရန်အတွက်၊ မိမိကိုယ်ကို ကယ်တင်ရန် မရွေးချယ်ခဲ့ပေ။



ထို့နောက်ယေရှုကို အားပေးသောအဖြစ်အပျက်တစ်ခု ပေါ်လာခဲ့၏။ ယေရှုကိုပျက်ရယ်ပြုခြင်းတွင်ပါဝင်ခဲ့သော သူခိုးနှစ် ယောက်သည် ယေရှုနှင့်အတူကားတိုင်တင်ခံရခဲ့သည်။ သို့သော် ထိုနှစ်ယောက်ထဲမှတစ်ယောက်သည် အချိန်ခဏအ တောအတွင်း သူသည်ထူးခြားသောအတွေ့အကြုံတစ်ခုရရှိခဲ့၏။

ထိုလူသည် ယခင်က ယေရှုကို တွေ့မြင်ဖူးသူဖြစ်၏။ သူသည် ယေရှု၏သင်ကြားခြင်းကို လိုက်လျောက်လိုခဲ့၏။ သို့သော် ဘာသာရေးခေါင်းဆောင်များသည် ယေရှုနောက်မလိုက်ရန် သူ့အား သွေးဆောင်ခဲ့သည်။ ထို့ကြောင့် သူသည် ဗာရဗ္ဗကဲ့သို့သော မိတ်ဆွေများကို ရွေးချယ်ခဲ့ရပြီး၊ မပြောင်းလဲနိုင်ဘဲ ဆိုးသထက်ဆိုးသောအရာများက သူ့အားလွှမ်းမိုးခဲ့သည်။ နောက်ဆုံးတွင်၊ သူသည် အဖမ်းခံရပြီး၊ သေမိန့်ချမှတ်ခြင်းခံရခဲ့ခြင်းဖြစ်၏။

သို့သော် သူသည် တရားစီရင်ရုံးအတွင်း တဖန်ပြန်တွေ့မြင်ခဲ့သည်။ ယေရှုသည် အပြစ်မဲ့သူဖြစ်ကြောင်း ပိလတ်မင်းပြောသည်ကို သူကြားခဲ့ရသေး၏။ သူသည် ယေရှုခေါင်းတော်ပေါ်ရှိသင်္ကေတကိုလည်း မြင်တွေ့ခဲ့ရသည်။ သူသည် သူကြားခဲ့၊ မြင်တွေ့ခဲ့သည့် ယေရှုပြောခဲ့သော အကြောင်းနှင့် လုပ်ခဲ့သောအကြောင်းအရာအားလုံးကို ပြန်လည်သတိရခဲ့လေ၏။

အောက်၌၊ ယေရှုကို ယဇ်ပရောဟိတ်မင်းများ၏ အပြစ်ပြောဝေဖန်ခြင်းနှင့် တချို့သောသူများ၏ကာကွယ်ပြောဆိုသံကိုလည်း သူကြားခဲ့ရ၏။ သန့်ရှင်းသောဝိညာဉ်တော်သည် ထိုသူ၏စိတ်တွင် စတင်စွဲနေပြီး၊ ယေရှုသည် မေရှိယအမှန်၊ ဤလောက၏အပြစ်ကို ဆောင်သွားမည့် ဘုရားသခင်၏သိုးသငယ်ဖြစ်ကြောင်းကို စတင်ယုံကြည်လာခဲ့သည်။ (ရှင်ယောဟန်ခရစ်ဝင် ၁း၂၉)

သူ့အတွက် မြော်လင့်ချက်ရှိနိုင်သေးသလား။ သူသည် ယေရှုခရစ်တော်အား ဘာပြောခဲ့သနည်း။ ရှင်လုကာခရစ်ဝင်၂၃း၄၂။ ချက်ချင်း၊ သင်သည် ကယ်တင်ခြင်းခံရလိမ့်မည်ဟု ယေရှုက ကတိပေးခဲ့၏။ တနည်းအားဖြင့် ယေရှုက သင်သည် ငါနှင့်အတူ ပရဒိသုဘုံ၌ရှိလိမ့်မည်ဟု မိန့်တော်မူခဲ့သည်။ မြေတပြင်လုံး၌ မှောင်မိုက်အတိကို တောက်ပသော အလင်းတစ်ခုသည် ထိုးဖောက်ခဲ့လေ၏။ သူခိုးသည် သူ့အား ဘုရားသခင်လက်ခံသည်ကိုလည်း သိခဲ့ရသည်။

**လက်တွေ့ကျင့်သုံးရန် -** လူအများတို့သည် နောင်တရရန်၊ သူတို့၏အသက်တာနောက်ဆုံးနေ့ဝင်ခါနီးအထိ စောင့်လို့ရနိုင်သည်ဟု ထင်ကြသည်။ ထိုသို့ဟုတ်ပါသလား။ မဟုတ်ပါ။ ၎င်းသည် အလွန်နောက်ကျလွန်းပါသည်။ ကျွန်ုပ်တို့သည် အချိန်တိုင်း သန့်ရှင်းသော ဝိညာဉ်တော်အား နားထောင်ရန် အချိန်ဆွဲနေကြသည်။ ထို့နောက် နောက်ပိုင်းတွင် နားထောင်ဖို့ရန် ပိုပြီး ခဲယဉ်းလာလေသည်။ ဟေဗြဲ ဩဝါဒစာ ၃း၇-၁၃။

ထိုနေ့တွင်၊ ထိုသူခိုးတစ်ယောက်တည်းသာလျှင် ယေရှုကို ခွန်အားပေးခဲ့ပါသည်။ လူတစ်ယောက်ယုံကြည်လာသည့်အတွက် သခင်၏ နာကျင်ခြင်းဝေဒနာသည် အချည်းနှီးမဖြစ်ပေ။ ယနေ့ သင်ရော ယေရှုကို ခွန်အားပေးမည်လား။

ယေရှုကသိခဲ့ပြီး၊ ယေရှုသည် သူ့အား အသက်တာပြောင်းလဲခြင်းကို လက်ခံရန် အခွင့်အရေးတစ်ခုပေးခဲ့လေ၏။ ရှင်ယောဟန်ခရစ်ဝင် ၁၈း၃၄။

ပိလတ်မင်းသည် ယေရှုဘာကို ဆိုလိုသည်ကို နားလည်ခဲ့၏။ သို့သော်လည်း သူသည် ဝန်ခံပြောင်းလဲဖို့ရန် စိတ်နှလုံးအလွန် မာကျောခဲ့၏။ အငယ် ၃၅-၃၈။

ပိလတ်မင်းသည် ယေရှုမှာ အပြစ်မရှိကြောင်း လူအပေါင်းတို့အား ကြားပြောသောအခါတွင် လူအုပ်ကြီးသည် အလွန်အမင်း စိတ်ဆိုးခဲ့ကြလေ၏။ ထိုအချိန်တွင် ပိလတ်မင်းသည် ဘေးကျပ်နံ့ကျပ်ဖြစ်ခဲ့ရ၏။ ယေရှုကို လွတ်ငြိမ်းခွင့်ပေးသင့်ကြောင်း သူသိခဲ့၏။ သို့သော် လူအုပ်ကြီးများ မကျေနပ်မှုဖြစ်မှာကို သူအလိုမရှိခဲ့ပေ။

ထို့နောက် ပိလတ်မင်းက ယေရှုသည် ဂါလိလဲလူဖြစ်ကြောင်း တွေ့ခဲ့ရ၏။ ထိုအခါ ယေရုရှလင် လက်အောက်တွင် ရှိသော ဂါလိလဲပြည် ရှင်ဟေရုဒ်မင်းရှိကြောင်း သတိရလေ၏။ ထို့ကြောင့် ထိုပြဿနာအတွက် ဆုံးဖြတ်ရမည့်တာဝန်ကို ဟေရုဒ်မင်းထံသို့ လွှဲပြောင်းပေးရန် ဆုံးဖြတ်ခဲ့လေ၏။

ဤဟေရုဒ်မင်းသည် နှစ်ခြင်းဆရာယောဟန်ကို ခေါင်းဖြတ်သတ်ခဲ့သောသူ ဖြစ်သည်။ သူသည် ယေရှု၏အံ့သြဖွယ် နိမိတ်လက္ခဏာများအကြောင်းကို ကြားဖူးခဲ့သူဖြစ်သောကြောင့် ယေရှုနှင့် တွေ့ရန်အခွင့်ရသောအခါ ကျေနပ်မိခဲ့၏။ ဟေရုဒ်မင်းသည် နိမိတ်တစ်ခုကို ကိုယ်တိုင်အမြဲတမ်း မြင်တွေ့ချင်ခဲ့သည်။ ယေရှုသည် သူ့ရှေ့မှာ နိမိတ်တစ်ခုလုပ်လိမ့်မည်ဟု သူမျှော်မှန်းခဲ့၏။

ပိလတ်မင်းကဲ့သို့ပင်၊ ဟေရုဒ်မင်းကြီးသည်လည်း ယေရှုသည် အပြစ်မဲ့သောသူဖြစ်ကြောင်း သေချာသိခဲ့သည်။ သူသည် ယေရှုကို မေးခွန်းများစွာ မေးမြန်းခဲ့သည်၊ သို့သော် ယေရှုသည် တိတ်ဆိတ်နေခဲ့၏။ ယေရှုသည် ဟေရုဒ်မင်းအား ပြောစရာ စကားမရှိသောကြောင့် (သို့မဟုတ်) ပြောမည်ဆိုသော်လည်း ဘာမျှထူးမည်မဟုတ်ပေ။ ဟေရုဒ်သည် ဘုရားသခင်၏အကြီးမားဆုံးသော ပရောဖက် နှစ်ခြင်းဆရာယောဟန်၏ စကားကို နားထောင်ရန် ငြင်းပယ်ခဲ့ပြီးသောကြောင့်ဖြစ်သည်။ ထို့နောက် ဟေရုဒ်မင်းသည် ဖျားနာပြီး ခြေဆွံ့သူများကို ခေါ်ဆောင်လာရန် အမိန့်ပေးခဲ့သည်။ ယေရှုသည် လူများကို ကုသပေးနိုင်လျှင်၊ မိမိကိုယ်ကိုလည်း ကယ်တင်လိမ့်မည်ဟု ဟေရုဒ်သည် လူများအား ကတိပေးခဲ့၏။ သို့သော် ယေရှုသည် မိမိကိုယ်ကို ကယ်တင်ရန် ဘာနိမိတ်မှ မပြခဲ့ချေ။

**လက်တွေ့ကျင့်သုံးရန်** - ကျွန်ုပ်တို့ မလုပ်နိုင်၊ မတတ်နိုင်သည့် အရာကို ယေရှုသည် သူ့အတွက် သို့မဟုတ် မိမိကိုယ်ပိုင်အတွက် ဘယ်အရာမဆို လုပ်မည် မဟုတ်ပေ။ ကျွန်ုပ်တို့ လိုအပ်နေသော အရာခပ်သိမ်းအတွက် ကျွန်ုပ်တို့သည် ဘုရားသခင်အပေါ်၌ အဘယ်မျှလောက် မှီခိုအားကိုးရမည်အကြောင်း သူပြသခဲ့သည်။

## အင်္ဂါနေ့ | ဟေရုဒ်မင်းကြီးထံမှ ပိလတ်မင်းထံသို့ (ရှင်လုကာခရစ်ဝင် ၂၃း၁၀-၁၆၊ ရှင်မဿဲခရစ်ဝင် ၂၇း၁၅-၂၃) ၃

ယေရှုသည် သူ့ကို လျစ်လျူရှုနေခဲ့ခြင်းနှင့် မိမိကိုယ်ကိုတောင် မကာကွယ်ခဲ့သည်ကို ဟေရုဒ်မင်းကြီးက စိတ်ဆိုးလေ၏။ သူသည် ယေရှုကို လူအုပ်ကြီးဖြင့် ခြိမ်းခြောက်ခဲ့သည်။ ထိုလူအုပ်ကြီးသည် ယေရှုကို ကျိန်ဆဲခဲ့ကြ၏။ သူနှင့် သူ၏စစ်သားများသည်လည်း ယေရှုကို ပျက်ရယ်ပြုသောလူများနှင့် ပူးပေါင်းပြီး ပြုခဲ့ကြ၏။ ရှင်လုကာခရစ်ဝင် ၂၃း၁၀၊ ၁၁။

သူ၏ကြောက်မက်ဖွယ်ကောင်းသော အပြုအမူများအစား၊ သူသည် ယေရှုက ဘုရားဖြစ်ကြောင်း ယုံကြည်နေဆဲဖြစ်သည်။ ယေရှုသည် သေထိုက်သည်ဟု သူမပြောဝံ့ခဲ့ချေ။ ထို့ကြောင့် ဟေရုဒ်သည် ယေရှုကို ပိလတ်မင်းထံသို့ သူ၌ သေသင့်ထိုက်သောအပြစ် အကြောင်းပြချက် ရှာမတွေ့ဟု ပြောပြီး ပြန်ပို့ခဲ့ကြ၏။ ပိလတ်မင်းသည်လည်း အလွန် မပျော်ရွှင်ဖြစ်ခဲ့၏။ ပိလတ်မင်းသည် အရာအားလုံးပြီးနောက် ဆုံးဖြတ်ချက်ရတော့မည်ဖြစ်သည်။ ပိလတ်မင်းသည် လူများအား ဘာပြောခဲ့သနည်း။ အငယ် ၁၃-၁၆။

သူသည် အပြစ်မဲ့ကြောင်း ကြေငြာခဲ့ပြီးသားဖြစ်သော်လည်း ယေရှုကို ကြာပွတ်နှင့်ရိုက်ဖို့ရန် ဆုံးဖြတ်ခြင်းဖြင့်၊ ပိလတ်မင်းက မိမိသည် တကယ်ပဲ အားနည်းသောသူဖြစ်ကြောင်း ပြသခဲ့၏။ အကယ်၍၊ သူသည် အမှန်ကို ရဲရင့်စွာ ဆုံးဖြတ်လုပ်ဆောင်ခဲ့ပါက၊ ယေရှု၏ ရန်သူများသည် အရှုံးပေးလိမ့်မည်ဖြစ်သည်။ ထိုအတွက် ယေရှုသည် ပိလတ်မင်းအ တွက် ဆုတောင်းပေးခဲ့၏။ ဘုရားသခင်သည်လည်း သူ့အား ဂရုဏာပြည့်ဝစွာဖြင့် ဒုတိယအခွင့်အရေးကို ပေးခဲ့၏။ ထို့နောက် နောက်ထပ် ဘာဖြစ်ပျက်ခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၂၇း၁၉။ ထိုအိမ်မက်ထဲတွင်၊ ဘုရားသခင်သည် ပိလတ်မင်း၏ဇနီးအား ယေရှုကို အမှုစစ်ဆေးခြင်း၊ အသေခံခြင်းနှင့် မိုးတိမ်များနှင့်အတူ ယေရှု၏ ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းကို ဖော်ပြခဲ့၏။

သို့သော် ပိလတ်မင်းသည် လူအုပ်များအပေါ် ကြောက်ရွံ့ခြင်းသည် ထိုအမှန်တရားမှ လွဲသွားခဲ့စေသည်။ ထို့နောက် သူသည် တခြားနည်းလမ်းတစ်ခု စဥ်းစားခဲ့သည်။ ထိုအရာမှာ ရောမလူမျိုးများသည် ပဿခါပွဲကျရောက်ချိန်၌ အကျဥ်းသားတစ်ယောက်ကို လွတ်ငြိမ်းခွင့်ပေးသည့် ဓလေ့ရှိ၏။ လက်ရှိတွင် သူတို့ အကျဥ်းထောင်၌ လူဆိုးဓားပြ၊ လူသတ်သမား တစ်ယောက်ရှိသည်။ သူ့အမည်မှာ ဗာရဗ္ဗ အမည်ဖြစ်သည်။ သူသည် မေရှိယဖြစ်ကြောင်း ကြေငြာခဲ့ဖူး၏။ ထို့ကြောင့် ပိလတ်မင်းသည် လူအစုအဝေးတို့အား၊ သင်တို့သည် အဘယ်သူကို လွှတ်စေချင်သနည်း။ ဗာရဗ္ဗကို လွှတ်စေချင်သလော၊ ယေရှုကို လွှတ်စေချင်သလောဟု မေးခဲ့သည်။ သူတို့၏အဖြေမှာ အဘယ်သို့နည်း။ အငယ် ၂၀-၂၃။

ပိလတ်မင်းသည် ဤသို့ ဖြစ်ပျက်မည်ကို သူမျှော်လင့်မထားခဲ့ပေ။ သူသည် ယေရှုကို လွှတ်ငြိမ်းစေချင်ခဲ့သည်၊ သို့သော် သူသည် လူများကို ကြောက်နေရ၏။ နောက်ဆုံး၌၊ သူသည် စစ်သားများကို ယေရှု၏ အဝတ်ဗလာ ကိုယ်တုံးလုံးကို ကြာပွတ်နှင့်ရိုက်ရန် ခွင့်ပြုပေးခဲ့လိုက်ရသည်။

ရိုက်ချက်ကြောင့်၊ ယေရှု၏ခန္ဓာကိုယ်မှ သွေးနှင့် မျက်ရည်ယိုစီးခဲ့သည်။ ထို့နောက် သူတို့သည် ယေရှုအား အပြာရောင် ဝတ်လုံဟောင်းကို ဝတ်စေပြီး၊ ခေါင်းကိုဆူးရစ်ကိုင်းများဖြင့် ပတ်ရစ်စေခဲ့သည်။ သူတို့သည် ယေရှု၏ဦးခေါင်းကို ဆူးရစ်ဖြင့် ဆောင်းစေပြီး လက်ပေါ်တွင် သံဖြင့်ရိုက်နှက်ကာ ယုဒဘုရင်ဖြစ်သည်ဟု ပျက်ရယ်ပြုခဲ့ကြ၏။

ယေရှုကို လက်တုံ့ပြန်ရန် သို့မဟုတ် အံ့ဖွယ်အမှုတစ်ခုခုကို ပြုလုပ်ပြီး မိမိကိုယ်ကို ကယ်တင်ရန်၊ စာတန်သည် မည်မျှ ဒေါသတကြီး တွန်းလှန်ကြိုးစားခဲ့သည်တကား။ မှန်ပါသည်၊ အသေးအမွှားအပြစ်တစ်ခုတောင် ကယ်တင်ခြင်းစီမံကိန်းကို ကျဆုံးစေနိုင်ပါသည်။ သို့သော် သွေးနှင့်ပြည့်နှက်ပြီး မေ့မြောသည်အထိ ခံစားရသည်တိုင် ယေရှုသည် သစ္စာရှိခဲ့၏။ ရှင်ပေတရုဩဝါဒစာ ပထမစောင် ၂း၂၁-၂၃။

**လက်တွေ့ကျင့်သုံးရန်** - ထိုလူများ ယေရှုခရစ်တော်အပေါ်ပြုခဲ့သော အရာများသည် အလွန်ကြောက်မက်ဖွယ်ကောင်းသည်ဟု ကျွန်ုပ်တို့သည်ထင်နေကြသည်။ သို့သော် ကျွန်ုပ်တို့ကိုယ်တိုင်လည်းပဲ စာတန်ကို မိမိတို့သခင်အဖြစ် ရွေးချယ်သောအခါတွင်အယောက်စီတိုင်း ထို့အတူ ပြုလုပ်နေသည်။ ကျွန်ုပ်တို့သည် ဆန္ဒရှိရှိ အပြစ်ကို လုပ်သောအခါ၊ ကျွန်ုပ်တို့သည် ယေရှုခရစ်ကို နောက်တဖန် အသေခံရန် လက်ဝါးကားတိုင်ပေါ် တင်ခြင်းသာဖြစ်သည်။ (ဟေဗြဲဩဝါဒစာ ၆း၆)

## ဗုဒ္ဓဟူးနေ့ | သေမိန့် ချမှတ်ခြင်း (ရှင်မဿဲခရစ်ဝင် ၂၇း၂၄-၃၁) ၄

ပိလတ်မင်းသည် ယေရှုကို ကြာပွတ်နှင့်ရိုက်စေပြီးနောက် လူများသည် စိတ်ကျေနပ်မည်ဟု ထင်ခဲ့၏။ သို့သော် သူတို့သည် ယေရှုကို ရိုးရိုးသတ်သည်ထက် ပြုလုပ်ရန် ဆန္ဒပြခဲ့ကြ၏။ လူအုပ်ကြီးသည် အပူတပြင်းထပ်တလဲလဲတိုက်တွန်းခဲ့ပါက၊ အစိုးရများသည် သူတို့ကို လိုက်လျောပေးမည်ဖြစ်သည်။

နောက်ဆုံး၌ ပိလတ်မင်းသည် ယေရှု၏ဘေးနားသို့ ဗာရဗ္ဗကို ထုတ်ပေးခဲ့သည်။ ယေရှုကို သိမ်မွေ့သောသူ၊ ဂုဏ်အသရေကြီးမြတ်သူအဖြစ်တွေ့ရသောခါ၊ ဗာရဗ္ဗကို ရာဇဝတ်သင့်သော လူဆိုးအဖြစ် ရှင်းလင်းစွာတွေ့ခဲ့ရ၏။ နှစ်ယောက်ကို နှိုင်းယှဥ်ကြည့်သောအခါ၊ အံ့သြဖွယ်ရာ လုံးဝကွဲပြားခြားနားသည်ကို လူအားလုံးတွေ့နိုင်ခဲ့လေ၏။ အချို့သောသူများသည် ငိုကြွေးမြည်တမ်းကြလေ၏။ ဘာသာရေးခေါင်းဆောင်များက ယေရှုသည်မေရှိယဖြစ်ကြောင်း တဖန် ယုံကြည်နေဆဲဖြစ်ခဲ့ကြသည်။



နောက်တစ်ကြိမ်တွင်လည်း၊ ပိလတ်မင်းသည် ယေရှုမှာ ရာဇဝတ်ပြစ်မှုရှာပြန်သော်လည်း မည်သည့်ပြစ်မှုမှ မရှိကြောင်း ဖော်ပြခဲ့၏။ သို့သော် တဖန်၊ လူအုပ်ကြီးသည် ယေရှုက ဘုရားသားတော်ဖြစ်ကြောင်း ကြွေးကြော်ခဲ့သည့်အတွက် သူသည် အသေခံသင့်ကြောင်း ငိုကြွေးအော်ဟစ် ကြပြန်သည်။ (ရှင်ယောဟန်ခရစ် ၁၉း၇-၁၁)

ပိလတ်မင်းသည် ရုတ်တရက် ထိတ်လန့်ခဲ့၏။ ယေရှုသည် ဘုရား၏သားတော် ဖြစ်နိုင်သလား။ သူသည် ယေရှုကို တဖန် မေးခဲ့သည်။ သို့သော် ယေရှုမှာ ပိလတ်မင်းအတွက် စကားတစ်ခွန်းမျှ မရှိခဲ့ပေ။ ယေရှုသည် ပိလတ်မင်းအား သူ(ပိလတ်မင်း) ၏ပြစ်တင် ရှုတ်ချမှုအတွက် တတ်နိုင်သမျှ ဆင်ခြေပေးခဲ့၏။ ယေရှုသည် အဘယ်မျှလောက် ကြင်နာသောသူဖြစ်သနည်း။ ပိလတ်မင်းသည် ယေရှုကို လွတ်ငြိမ်းမည်ဟု တဖန်အကြံပေးသောအခါ၊ လူအုပ်ကြီးသည် အဘယ်သို့တုန့်ပြန်ခဲ့သနည်း။ ရှင်ယောဟန်ခရစ်ဝင် ၁၉း၁၂။

ပိလတ်မင်းသည် အရင်ကတည်းက သူ၏ရာထူးဆုံးရှုံးမှာကို ကြောက်ခဲ့ပြီးသားဖြစ်သည်။ ထိုအချိန်တွင်၊ သူသည် ယေရှုကို လွတ်ငြိမ်းပေးခဲ့ပါက၊ ဘာသာရေးခေါင်းဆောင်များသည် သူ့ကို လက်စားချေတုန့်ပြန်မည်ကို ကောင်းကောင်းသိခဲ့သည်။

တဖန်၊ ပိလတ်မင်းသည် ယေရှုကို လူအုပ်ကြီးရှေ့ ခေါ်သွားပြီး၊ "သင်တို့၏ဘုရင်ကို ကြည့်လော့" ဟု ပြောသောအခါ၊ လူအုပ်ကြီးသည် သူ့အား ကားတိုင်တင်ပေးပါဟူ၍သာ ထပ်ခါထပ်ခါ ဟစ်ကြွေးခဲ့ကြသည်။ ပိလတ်မင်းသည်လည်း "ငါသည် သင်တို့၏ဘုရင်အား ကားတိုင်တင်ရမည်လော့" ဟု ပြန်မေးခဲ့၏။ ထို့နောက် သူတို့သည် "ငါတို့တွင် ကဲသာဘုရင်ကလွဲ၍ တခြားဘုရင်မရှိ" ဟု မုန်းတီးသောစကားများဖြင့် ဟစ်ကြွေးခဲ့ကြသည်။

ထိုသို့သော ကြွေးကြော်ခြင်းဖြင့်၊ ယုဒလူပြည်သူပြည်သားများသည် ယေရှုအား သူတို့၏ဘုရင်အဖြစ်မှ ငြင်းပယ်ခဲ့ကြ၏။ ထို့နောက် အလွန်ကြောက်မက်ဖွယ်ကောင်းသော ဆုံးဖြတ်ချက်သည် လိုက်လာခဲ့သည်။

ပိလတ်မင်းသည် လူအုပ်ကြီး၏အတင်းအကြပ်တိုက်တွန်းခြင်းကို မြင်သောအခါ၊ သူဘာလုပ်ခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၂၇း၂၄။ ထို့နောက် ပိလတ်မင်းသည် ဗာရဗ္ဗကို လွှတ်ပေးပြီး၊ ယေရှုကို တဖန်ကြာပွတ်နှင့် ရိုက်ခိုင်းခဲ့၏။ နောက်ဆုံးတွင် သေမိန့်ကိုချမှတ်ပေးခဲ့သည်။

ပိလတ်မင်းသည် အပြစ်ကင်းသောသူလား။ မဟုတ်ပါ၊ သူသည် အကောင်းဆုံးကြိုးစားရမည့်အစား၊ သူ၏ရာထူး ဆုံးရှုံးမှာကို စိုးရိမ်သောကြောင့် ယေရှုဘက်ရပ်တည်ပေးခြင်းကို ရပ်တန့်ခဲ့သည်။ သို့သော် ခရစ်တော်ယေရှုကို လက်ဝါးကားတိုင်တင်ပြီး သိပ်မကြာမီတွင် ပိလတ်မင်းသည် သူ့ဘဝသူ အဆုံးသတ်ခဲ့(သူ့ကိုယ်သူသတ်သေခဲ့)၏။

**လက်တွေ့ကျင့်သုံးရန်** - ပိလတ်မင်းသည် အမှန်ကိုသိခဲ့သော်ငြားလည်း၊ ချက်ချင်း မလုပ်ဆောင်ခဲ့သောကြောင့် သူ့အတွက် အလွန်ခက်ခက်ခဲခဲ ကိုင်တွယ်လုပ်ဆောင်ခဲ့ရသည်။ သူသည် ယေရှုကိုလည်း လွှတ်စေချင်ခဲ့ပြီး၊ သူ၏ရာထူးကိုလည်း တည်စေချင်ခဲ့သည်။ သို့သော် သူသည် နှစ်ခုစလုံးကို မလုပ်နိုင်သည်ကို သူမြင်တွေ့သောအခါတွင်၊ ယေရှုကို သေမိန့်ပေးခဲ့ရသည်။ ထိုအကြောင်းကို သမ္မာကျမ်းစာက ဘာပြောခဲ့သနည်း။ သုတ္တံကျမ်း ၁၆း၂၅။

## ကြာသပတေးနေ့ | "အဖ၊ သူတို့ကို ခွင့်လွှတ်ပေးတော်မူပါ" (ရှင်လုကာခရစ်ဝင် ၂၃း၂၆-၃၈) ၅

ထိုအချိန်တွင်၊ ပိလတ်မင်းသည် ယေရှုအတွက် သေမိန့်ပြစ်ဒဏ်ချမှတ်ပေးခဲ့သည်။ ကြောက်စရာကောင်းသော ရက်စက်စွာနှိပ်စက်ခြင်းအားဖြင့်၊ သွေးများယိုစီးပြီး၊ သူ့တပည့်တော်များ သူ့အပေါ်သစ္စာဖောက်မှု၊ လူအုပ်များ၏မုန်းတီးမှုများကြောင့် စိတ်နှလုံးလည်း ကြေကွဲခဲ့ခြင်းနှင့်အတူ ယေရှုသည် အလွန်ပင်ပန်းနွမ်းနယ်ခဲ့၏။ ထိုမျှမက၊ သူသည် ဗရဗ္ဗအတွက်လုပ်ထားပေးသော လေးလံသော ကပ်တိုင်ကို အနာမကျက်သေးသောပခုံးဖြင့် သွေးများတယိုယို ထမ်းသွားခဲ့ရသည်။ ယေရှုသည် နှစ်ကြိမ်တိုင်တိုင် မူးလဲပြီး မြေပြင်သို့ လဲကျခဲ့ လေ၏။

ထိုလူအုပ်ကြီးများသည် ယေရှုခံစားရသည်ကို ကြည့်ပြီး ဝမ်းမနည်းဘဲ၊ အားရဝမ်းသာနေခဲ့ကြသည်။ ယေရှုသည် ကားတိုင်ကို မထမ်းနိုင်သည်ကိုလည်းတွေ့မြင်ခဲ့ရ၏။ သို့သော် အဘယ်သူမှ မထမ်းကူခဲ့ပေ။ အဘယ်ကြောင့်ဆိုသော်၊ ထိုအရာသည် သူတို့အား "မသန့်ရှင်းသောသူ" ဖြစ်စေမည် ဖြစ်သည်။ ထို့နောက်ဘာတွေဖြစ်ပျက်ခဲ့သနည်း။ ရှင်လုကာခရစ်ဝင် ၂၃း၂၆။



လူအုပ်ကြီးတစ်စုသည် ယေရှုနောက်သို့ မြို့အပြင်ဘက် ကရာနီကုန်းအထိ လိုက်သွားခဲ့ကြသည်။ ထိုလူအုပ်ကြီးထဲမှ လူအများသည် ရှေးတစ်ပတ်တုန်းက ယေရှုသည် ယေရုရှလင်မြို့သို့ မြည်းစီးဝင်လာသောအခါသမယ၌၊ သစ်ကိုင်းများဝှေ့ယှမ်းပြီး၊ ယေရှု ကို ချီးမွမ်းအော်ဟစ်ခဲ့ကြသောသူများ ဖြစ်ကြ၏။ တပည့်တော်များသည်လည်းပဲ၊ ယေရှုနှင့်အတူ အနီးဆုံးနေထိုင်ကြမည့်အစား၊ အဝေးသို့ ထွက်ပြေးနေခဲ့ကြလေ၏။

ကရာနီကုန်းကားတိုင်ပေါ်တွင် ဗာရဗ္ဗ၏နောက်လိုက် သူခိုးနှစ်ယောက်သည် ယေရှုနှင့်အတူ အသေခံခဲ့ရသည်။ သူတို့သည် သူတို့၏ကားတိုင်ပေါ်မှ လူများကို ကျိန်ဆဲအပြစ်တင်နေခဲ့ကြ၏။ သို့သော် ယေရှုသည် ကားတိုင်တင်ဖို့ရန် သံနှင့်ရိုက်ခံရသောအခါ၊ ယေရှုသည် ခုခံတိုက်လှန်ခြင်း မပြုခဲ့ချေ။ ယေရှုသည် စကားတော်များ ပြောဆိုခဲ့၏။ ယေရှုပြောခဲ့သော ထိုစကားများမှာ အဘယ်နည်း။ အငယ် ၃၄။

သူတို့သည် ယေရှု၏ဝတ်လုံတော်များကို ချွတ်ပြီး၊ စစ်သားများဆီကို ပေးခဲ့ကြ၏။